ယုံကြည်သောသူများ ရရှိရန်အတွက် ဝိညာဉ်တော် ဖြစ်ပျက်ရန်ကြောင်းကို (ယောရှ ၃၉)တွင် ဟောကြားထား၏။ ရှင်ပေါလုကလည်း ယုံကြည်သော ဖေက်မြို့ အသင်းတော်သို့အား "သန့်ရှင်းသောဝိညာဉ်တော် ခံစားပြီးပြီလား"ဟု မေးသည်။ ယုံကြည်ခြင်းရှိသော သူများကိုသာ မေးခြင်းဖြစ်သည်။

http://v-p-m.de

Apostolische Pfingstgemeinde
Friedelsheimerstr. 18-20
D - 68199 Mannheim (Neckarau) /Germany
Pastor Raymond Wey
Assistent Pastor Sascha Wey
www.jesus-is-god.de

# ဧဝံဂေလိတရားတော်၌ လိုအပ်သော အချက်ကြီးလေးချက်

## THE FOUR ESSENTIAL IN THE GOSPEL

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်ရန် ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဒုတိယအကြိမ် မွေးဖွားခြင်းကို လိုအပ်ကြောင်းသော်၎င်း၊ ဒုတိယအကြိမ် မွေးဖွားခြင်းခံယူပြီးသည့် လူသားတို့၏အကြောင်းကိုသော်၎င်း ကြားဘူးနားဝရှိကြပြီး ဖြစ်နိုင်ပါလိမ့်မည်။ အမှန်စင်စစ် ဒုတိယအကြိမ် မွေးဖွားခြင်းခံယူလိုသောသူသည် သမ္မာကျမ်းစာ၏ သွန်သင်ချက်ကို၎င်း၊ ဒုတိယအကြိမ် မွေးဖွားခြင်းခံယူခဲ့ပြီး သူတို့၏ ခံယူပုံခံယူနည်းကို၎င်း စံနာမူနာအဖြစ် ထားရှိခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် မည်ကဲ့သို့ခံယူပြီး မည်သည့်အရာများ လိုအပ်နေသည်ဟူသော အချက်များကို နားလည်သဘောပေါက်နိုင်ပေသည်။

လူသားတို့သည် ဤအချက်လေးချက်အနက် ဤအချက်သည် အရေးကြီးသည်။ ဟိုအချက်သည် အရေးမကြီးလှပါဟု ဆင်ခြေပေးတတ်ကြသည်။ ဤသည်မှာ လူသားတို့၏အလိုတော်အရ ဖြစ်စေလိုသောစိတ်ဆန္ဒ၏ ခံယူချက်သက်သက်သာဖြစ်လေသည်။ စင်စစ်ကျမ်းစာ တော်အလိုအရဆိုပါမူ အားလုံးသော အချက်အလက်အတို့သည် အတူတူ ပင်ဖြစ်သည်ဟု ဖေါ်ပြထားသည်။

ဘုရားသခင်သည် ကယ်တင်ခြင်းလမ်းမကြီး ခင်းပေးထားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ချက်ခြင်းအလိုအလျောက်ရသည်မဟုတ်ပါ။ ဘုရားသခင်က လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည့် ကယ်တင်ခြင်းဆုကျေးဇူးကို လက်ခံရယူပိုင်ဆိုင်နိုင်ရန် လိုအပ်သောအချက်အလက်များ ရှိပါသေးသည်။ ဤလိုအပ်သည့် အချက်အလက်အကြောင်းအရာများကို ခံယူလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် ကယ်တင်ခြင်းဆုကျေးဇူးကို ရယူခံစားနိုင်ပါသည်။ တနည်းအားဖြင့် ကယ်တင်ခြင်းရနိုင်ရန်အတွက် ဘုရားသခင်၏ ခင်းပေးထားသော ကယ်တင်ခြင်းလမ်းမကြီးပေါ်သို့လိုက်၍ လျှောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားကို ယုံကြည်သောသူသည် အောက်ပါအချက်ကြီးလေးချက်ကို ပြည့်ပြည့်စုံစုံ ခံယူလိုက်နာမှသာလျှင် ကယ်တင်ခြင်းဆုကျေးဇူး အစစ်အမှန်ရရှိပြီး ကောင်းကင်ရွှေပြည်တော်ကို အမွေအဖြစ် ခံစားစံစားနိုင်မည်ဖြစ်ပေသည်။

## ၁။ ယုံကြည်ခြင်း။
## (FAITH)။

ယုံကြည်ခြင်းသည် ဧဝံဂေလိတရားမဟုတ်ဘဲ ဧဝံဂေလိတရားကို ခံယူလက်ခံနိုင်ရန် လိုအပ်သောအရာပင်ဖြစ်သည်။ ရှင်ပေါလုသည် ဤကဲ့သို့ဆို၏။ ဧဝံဂေလိတရားသည် ယုံကြည်သမျှသော လူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏ (ရော ၁း၁၆)။ လူတစ်ဦးတစ်ယောက်သည် ဧဝံဂေလိတရားကို ကြားနာခဲ့သော်လည်းယုံကြည်ခြင်းမရှိခဲ့လျှင် ထိုသူအတွက် အကျိုးရှိလိမ့်မည်မဟုတ်(၂သက် ၁း၇–၁၀)။ (ဟေဗြဲ ၁၁း၆)ကို ဖတ်ရှုပါက ''ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်ကြောင်း''သိရ၏။ ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုင်၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုင်း ယုံကြည်ရမည်။ ခရစ်တော်သည် ဧဝံဂေလိတရားကို ယုံကြည်လက်ခံ လိုက်နာသောသူတိုင်း ကယ်တင်ခြင်းသို့ ရောက်မည့်အကြောင်းနှင့် မယုံကြည်သောသူတို့ တရားစီရင်ခြင်းခံရမည့်အကြောင်း ဟောပြောခဲ့ပါသည် (မာ ၁၆း၁၅–၁၆)။ နေရာတကာ၌ ပိုက်ဆံဖြင့် လိုရာရှပ်ဝတ္ထုပစ္စည်း ဝယ်ယူခဲ့သလို ဘုရားသခင်ထံမှ လိုရာဆုကျေးဇူးအားလုံးကိုလည်း ယုံကြည်ခြင်းဖြင့်သာ တောင်းခံရရှိနိုင်ပါသည်။ ဤယုံကြည်ခြင်းနှင့်စပ်ဆိုင်၍ ဟေဗြဲ ဩဝါဒစာတွင် ပြည့်စုံစွာ ရေးသားထားပါသည်။ (မာ ၁၁း၂၂၊ ယော ၇း၃၈) တို့လည်း ဖတ်ရှုပါ။ ယုံကြည်ခြင်းသည် မမြင်ရသေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။ ကေန်မုချမှန်ကန်သည်ဟု ယုံကြည်ခြင်းပင်ဖြစ်၏။

ယုံကြည်ခြင်း၏ အနက်သဘောတွင် လိုက်နာဆောင်ရွက်သည်ဟု အဓိပ္ပါယ်တစ်မျိုးရှိ ပါသေးသည်။ လူတဦးသည် ယုံကြည်ပါသည်ဟု ဆိုမြွက်ရုံမျှဖြင့် အဓိပ္ပါယ်လိုရင်းပြည့်စုံမှုမရှိဘဲ ယုံကြည်သည့်အတိုင်း လိုက်နာဆောင်ရွက်မှသာလျှင် ပြည့်စုံသည့်သဘောအသွင်ဆောင်လာ၏။ ယုံကြည်ခြင်းသည် နာခံခြင်းဖြင့် လိုက်နာဆောင်ရွက်မှုအပေါ်တည်နေလေသည်။ အာဗြဟံသည် ဘုရားသခင်၏ အလိုတော်ကို ယုံကြည်သည်ဟု ဆိုရုံမျှဖြင့် လိုက်နာဆောင်ရွက်မှုမရှိလျှင် သူ၏ ယုံကြည်ခြင်းသည် ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ယူနိုင်မည်လော။ နောသည် ရေလွှမ်းမိုးမည့်အကြောင်း သိ၏။ ယုံလည်းယုံကြည်၏။ သို့သော် သင်္ဘောမဆောက်လုပ်ခဲ့သော် ရေလွှမ်းမိုးခြင်းဘေးမှ လွတ်ငြိမ်းနိုင်မည်လော။ ထို့အတူ ကောင်းကင်ဘုံသို့ ဝင်စားနိုင်ရန်အတွက် ရေနှင့် ဝိညာဉ်တော်အားဖြင့် ဒုတိယကြိမ်မွေးဖွားခြင်း လိုအပ်သည်ကိုသိပြီး ယုံကြည်လျှက် အပြစ်များကို ခွင့်လွှတ်စေခြင်းငှါ ယေရှုနာမတော်ဖြင့် ဗတ္တိဇံကိုမခံယူ၊ သန့်ရှင်းသောဝိညာဉ်တော်လည်း မရှိခဲ့လျှင် ဝင်စားနိုင်မည်လား။ ကယ်တင်ခြင်းရရှိရန် ယုံကြည်ခြင်းသည် အရေးကြီးအချက်ဖြစ်သော်လည်း ယုံကြည်ရုံမျှဖြင့် လိုက်နာမှုမရှိလျှင် ထိုယုံကြည်ခြင်းသည် အသေဖြစ်၏(ယာ ၂း၁၄–၁၅)။ သို့ဖြစ်သောကြောင့် ယုံကြည်ခြင်းသည် မည်သို့သောအရာကို မည်ကဲ့သို့ ယုံကြည်ရမည်၊ လိုက်နာရမည်ဟု သွန်သင်ခဲ့ကြောင်း သတိမူသင့်၏ (ရော ၁၀း၁၇)။

ခရစ်တော်အား ယုံကြည်လက်ခံသောသူများအတွက် အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။

## ၄။ ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း။
## (BAPTISM OF HOLY SPIRIT)။

သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းဆိုသည်မှာ ဧဝံဂေလိတရားကို ယုံကြည်၍ မိမိအပြစ်များ နောင်တရပြီးလျှင် အပြစ်များ ခွင့်လွှတ်စေခြင်းငှါ ရေနှစ်ခြင်းခံယူထားသူဖြစ်စေ၊ အခြားသောဝိညာဉ်တော် လှုပ်ရှားခြင်းအားဖြင့်ဖြစ်စေ၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝ၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့် ပေးတော်မူသည့်အတိုင်း အခြားသောဘာသာစကားအားဖြင့် ပြောဆိုခြင်းဖြစ်သည် (တ ၂း၄၊ ၈း၁၇–၁၈၊ ၁၀း၄၄–၄၆၊ ၁၉း၆)။

ကောင်းကင်ရွှေပြည်တော်သို့ ဝင်စားနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် မရှိမဖြစ်သောအရာဖြစ်ကြောင်း လူတိုင်း လက်ခံနိုင်လိမ့်မည် (ယော ၃း၅–၈၊ တိ ၃း၅)။ တမန်တော်ရှင်ပေါလုသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်မှု ပုံဆောင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်(ရော ၆း၄–၆၊ ၈း၁–၂)။ လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ ဝိညာဉ်တော်သည် လူသားတို့အပေါ် မည်ကဲ့သို့ လွှမ်းမိုးခဲ့သည်ဟူသော အချက်ကို ခံယူချက်ခြင်း မတူခဲ့ကြသော်လည်း ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်ဟု အတိအလင်း ဖော်ပြထားပေသည်။

အချို့သောသူတို့သည် ကောင်းကင်နိုင်ငံသို့ ဝင်စားနိုင်ရန် ယုံကြည်ခြင်းတစ်ခုတည်းကိုသာ လေ့နံ့ဓါးထစ်စွဲမှတ်ကာ အရေးထားတတ်ကြပေသည်။ အမှန်စင်စစ် ကောင်းကင်နိုင်ငံသို့ ဝင်စားနိုင်ရန်အတွက် မိမိ၏ ဆင်ခြင်သုံးသပ်နိုင်လောက်သော အရေးကြီးလှသည့် အကြောင်းအရာ အချက်အလက်များကို ရှာဖွေသင့်ပေသေးသည်။ ကောင်းကင်ဘုံ အဘခမည်းတော်၏ နိုင်ငံ တော်သို့ ဝင်စားနိုင်ရန် အဖဘုရားကို ယုံကြည်ကြပါ၏။ ထိုခမည်းတော်ဘုရားသည် နံဝိညာဉ် ဖြစ်တော်မူ၏။ အမည်နာမအားဖြင့် ယေရှုဟု ခေါ်ပါသည်။

ထိုဝိညာဉ်တော်ကို ပစ္စည်းဥစ္စာကဲ့သို့ ဝယ်ယူပိုင်ဆိုင်၍မရ။ ယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးထဲ၌ ဝိညာဉ်အဖြစ် ကိန်းအောင်းမှသာလျှင် ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းဖြစ်ပေသည်။ ကောင်းကင်နိုင်ငံသို့ဝင်စား အမွေခံရန်ဖြစ်ပေ၏။ ယေရှုခရစ်တော်က ငါမပါလျှင် သင်တို့ ဘာမျှမလုပ်နိုင်ဟု ဆိုသည်။ ထို့ကြောင့် ဝိညာဉ်တော်မရှိသောသူသည် ဘာမျှမလုပ်နိုင်။ ကောင်းကင်ရွှေပြည်တော်သို့လည်း ဝင်စား၍မရ။ ယေရှုခရစ်တော် –